# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၆၅ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၉ - ၆ - ၂၀၁၅ ]
# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၆၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရေနံချောင်းမြို့နယ်အတွင်း လျှပ်စစ်မီးမှန်ကန်ရေးနှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ဆိပ်ဖြူမြို့နယ်၊ ငှက်ပြာကြီးကျေးရွာအုပ်စု ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးအတွက် အမှတ်(၂၁)ကာကွယ်ရေးပစ္စည်းစက်ရုံ ဝန်ထမ်းအိမ်ရာသို့ သွယ်တန်းထားသော ဓာတ်အားလိုင်းမှ သွယ်တန်းခွင့်ပြုပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **နေ့စား လျှပ်စစ်ဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **၁၉၈၉ ခုနှစ်မှ ယနေ့အထိ ရသေ့တောင်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့များနှင့် အခြား အစိုးရဌာနများက လန-၃၉ ရရန်လျှောက်ထား/ခွင့်ပြုခဲ့သော အမှုတွဲများ စာရင်း၊ အစိုးရဌာနများမှ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများသို့ ပြန်လည် အပ်နှံလွှဲပြောင်းခဲ့သော အမှုတွဲများစာရင်းနှင့် ၎င်းအမှုတွဲများပါ မြေဧက၊ ရပ်ကွက်/ကျေးရွာများ စာရင်းကို သိရှိလိုခြင်းနှင့် လန-၃၉ လုပ်ထုံးလုပ်နည်း များနှင့်မညီဘဲ သိမ်းယူလုပ်ကိုင်နေသော လယ်မြေများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများသို့ ပြန်လည်ပေးအပ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပြုပြင်ပြောင်းလဲ ပြဋ္ဌာန်းတော့မည့် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်းတွင် "အခြေခံ စိုက်ပျိုးရေးပညာ" ဘာသာရပ်ကို အဆင့် အသီးသီးတွင် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းနိုင်ရေး အလေးထားဆောင်ရွက်နေမှု အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

၇။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်ပြီး အဖွဲ့ဝင်(၆)ဦး ပါဝင်သည့် အဖွဲ့က ၅-၆-၂၀၁၅ မှ ၈-၆-၂၀၁၅ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများအတွင်း လယ်ယာစိုက်ပျိုးရေး

နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ စီမံကိန်းဒေသများသို့ သွားရောက်ခဲ့သည့် လေ့လာရေး ခရီးစဉ်ဆိုင်ရာ တင်ပြချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၆၅ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၆၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။